# သမတအိမ်တော်၊ ရန်ကုန်မြို့။
# ၁၉၄၈ ခုနှစ်၊ အထူးခုံရုံးတချက်လွှတ်ဥပဒေ။
# ၁၉၄၈ ခုနှစ်၊ တချက်လွှတ်ဥပဒေအမှတ် ၃။
# ၁၃၀၉ ခု၊ နှောင်းတန်းခူးလဆန်း ၉ ရက်။
# (၁၉၄၈ ခု၊ မတ်လ ၁၈ ရက်။)

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ အောက်ဖေါ်ပြပါ တချက်လွှတ်ဥပဒေကို ထုတ်ပြန် ကျေညာသည်။

လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဌာနဝန်ကြီး သခင်တင်၏ အပေါ်တွင်သတင်းစာအချို့၌ ပါရှိသော စွပ်စွဲချက်များနှင့် ပတ်သက်၍၊ တရားဥပဒေအရ၊ စုံစမ်းစစ်ဆေးရန်အလို့ငှါ၊ ချက်ခြင်းအရေးယူ ဆောင်ရွက်ရန် လိုအပ်သောကိစ္စပေါ်ပေါက်လာသည်ဟု ယူဆသောကြောင့်၊ အောက်ပါအတိုင်း တချက် လွှတ်ဥပဒေ ပြုလုပ်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို **၁၉၄၈ ခုနှစ်၊ အထူးခုံရုံးတချက်လွှတ်ဥပဒေ** ဟုခေါ်တွင်စေရမည်။

(၂) ဤတချက်လွှတ်ဥပဒေသည်- ချက်ခြင်းအာဏာအတည်ဖြစ်ရမည်။

၂။ ။ ဤဥပဒေတွင်-

"ခုံရုံး" ဆိုသည်မှာ- ဤဥပဒေပုဒ်မ ၃ အရဖွဲ့စည်းထားသောအထူးခုံရုံး။

"စွပ်စွဲချက်"ဆိုသည်မှာ မကျင်စိန် ဆိုသူအား လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဌာနဝန်ကြီး သခင်တင် က- ကျူးလွန်သည်ဟု ၁၉၄၈ ခု၊ မတ်လ ၁၀-ရက်နေ့ထုတ် "အိုးဝေ"သတင်းစာ၊ ၁၉၄၈ ခု-မတ်လ- ၁၁- ရက်နေ့ထုတ် "စီးပွါးရေး" သတင်းစာ၊ "ပြည်သူ့ဟစ်တိုင်" သတင်းစာနှင့် ၁၉၄၈ ခု- မတ်လ- ၁၂- ရက် နှင့်- ၁၄- ရက်နေ့ထုတ် "ကွန်မြူနစ်နေ့စဉ်" သတင်းစာတို့တွင်ပါရှိသော စွပ်စွဲချက်များကို ဆိုလိုသည်။

၃။ ။ ခုံရုံးကို- နိုင်ငံတော်တရားဝန်ကြီးချုပ်- လွှတ်တော်ချုပ် တရားဝန်ကြီး ဦးဓမောင်နှင့် လွှတ်တော်တ ရားဝန်ကြီး ဦးအောင်သာကျော်တို့ဖြင့် ဖွဲ့စည်းရမည်။ နိုင်ငံတော်တရားဝန်ကြီးချုပ်သည်- ခုံရုံး၏ ဥက္ကဋ္ဌဖြစ်စေရမည်။

၄။ ။ ခုံရုံးသည်- စွပ်စွဲချက်များနှင့် အခြားပတ်သက်သော ကိစ္စအားလုံးကို စုံစမ်းစစ်ဆေးရမည်။ ထိုကိစ္စ အတွက် ဝန်ကြီးသခင်တင်-မကျင်စိန်- အိုးဝေသတင်းစာ- စီးပွါးရေးသတင်းစာ-ပြည်သူ့ဟစ်တိုင်သတင်း စာနှင့်- ကွန်မြူနစ်နေ့စဉ်သတင်းစာတို့၏ အယ်ဒီတာ- ပုံနှိပ်သူနှင့် ထုတ်ဝေသူတို့သည် ခုံရုံးတွင်ကိုယ် တိုင်လာရောက်ပါဝင်ခြင်း၊ ရှေ့နေဖြင့်ဆောင်ရွက်ခြင်းစသော အခွင့်အရေးများကို ရရှိစေရမည်။

၅။ ။ ထိုသို့စုံစမ်းစစ်ဆေးပြီးနောက်- ခုံရုံးကထင်မြင်ယူဆချက်ကို နိုင်ငံတော်သမတထံသို့ တင်ပြရမည်။

၆။ ။ စုံစမ်းစစ်ဆေးရန် ကိစ္စအလို့ငှါ- ခုံရုံးတွင် မှော်ကွန်းရုံး၏ အခွင့်အာဏာအားလုံးကို ရရှိစေရမည်။

၇။ ။ (၁) ဥက္ကဋ္ဌကသတ်မှတ်သောအချိန်နှင့် နေရာတို့တွင် ခုံရုံးရုံးစိုက်၍ စစ်ဆေးနိုင်သည်။

(၂) ခုံရုံးအဖွဲ့ဝင်တဦးဦးသည်- ဆက်လက်၍ပါဝင်ဆောင်ရွက်ခြင်းမပြုနိုင်ခဲ့သော်-လွှတ်တော်ချုပ်သို့ တည်းမဟုတ် လွှတ်တော်တရားဝန်ကြီးများအထည်းမှတဦးဦးကို ထိုပုဂ္ဂိုလ်နေရာတွင် ပါဝင်ဆောင်ရွက် ရန် နိုင်ငံတော်သမတက-

ခန့်အပ်နိုင်သည်။ ထိုသို့ခန့်အပ်သော တရားဝန်ကြီးမှာ- စုံစမ်းစစ်ဆေးခြင်းအ စမှပါဝင်သကဲ့သို့ ခုံအဖွဲ့သည်ဆက်လက်၍ ဆောင်ရွက်ရမည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

စဝ်ရွှေသိုက်၊
နိုင်ငံတော်ယာယီသမတ။

ရန်ကုန်မြို့၊ ၁၃၁၀ ခုနှစ်၊ နှောင်းတန်းခူးလဆန်း ၉ ရက်။
(၁၉၄၈ ခုနှစ်၊ မတ်လ ၁၈ ရက်။)

အမိန့်အရ၊
ရွှေဘော်၊
နိုင်ငံတော်သမတ၏ အတွင်းဝန်။
[အမှတ် ၆၇။]

Myanmar Law Information System (MLIS)